တိုင်းပြည်၏ထုတ်လုပ်မှုစွမ်းအားနှင့်တိုင်းပြည်ဝင်ငွေဆိုင်ရာစာရင်းဇယားများအတွက် ပြုပြင်ပြောင်းလဲရန်လိုအပ်ချက်များ

စာတမ်းရှင်-ဒေါ်ဝင်းမြင့်
ဒုတိယညွှန်ကြားရေးမှူးချုပ်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

နိဒါန်း

၁။ ၂၀၁၀ခုနှစ်မေလ(၂၉)ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍အတည်ပြုခဲ့သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ(၇)ရက်နေ့၌ ပြည်လုံးကျွတ်ရွေးကောက်ပွဲ ကျင်းပခဲ့ပြီး၊ ၂၀၁၁ခုနှစ်မတ်လ(၃၀)ရက်နေ့တွင် အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်း နိုင်ခဲ့ပါသည်။

၂။ ကမ္ဘာ့နိုင်ငံ အသီးသီးတို့သည် မိမိတို့နိုင်ငံရှိ ပြည်သူလူထု၏ လူမှုစီးပွားနှင့် လူနေမှုဘဝတို့မြင့်မား လာစေရန်နှင့် မိမိနိုင်ငံ ဖွံ့ဖြိုး တိုးတက် လာစေရန် အတွက် ကြိုးပမ်း ဆောင်ရွက် လျက်ရှိသည့်နည်းတူ အစိုးရသစ်မှ နိုင်ငံတော်၏စီးပွားရေးမူဝါဒအဖြစ်ဈေးကွက် စီးပွားရေးစနစ်ကိုကျင့်သုံးပြီး စီးပွားရေးလုပ်ငန်းစဉ်များ အောင်မြင်အောင်ချမှတ် အကောင် အထည်ဖော်ဆောင်ရွက်ကြရန်လမ်းညွှန်ပြီးဖြစ်ပါသည်။နိုင်ငံတော်နှင့် ပြည်သူ တို့ အတွက် ပြုပြင်သင့်သည့် ဥပဒေ၊စည်းမျဉ်းလုပ်ထုံး လုပ်နည်းများကို ပြန်လည် သုံးသပ်လျက်ရှိပြီး နိုင်ငံ၏ စီးပွားရေး အဆောက်အအုံ တစ်ခုလုံး ပြောင်းလဲ တိုးတက် စေရေး အတွက် ဆောင်ရွက် လျက် ရှိပါ သည်။

အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန၏ဆောင်ရွက်ချက်များ

၃။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန သည် နိုင်ငံတော်၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေး အခြေ အနေများကိုတင်ပြခြင်း၊ ရေတို ရေရှည် နှစ်စဉ်စီမံကိန်းများရေးဆွဲခြင်း၊ နိုင်ငံ တိုးတက် ဖွံ့ဖြိုးရန် အတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ရင်းနှီး မြှုပ်နှံ နိုင် ရန် ကုမ္ပဏီများ၊ အဖွဲ့အစည်းများ တည်ထောင်စေ၍ ဈေးကွက် စီးပွားရေး စနစ်ပီပြင်စွာ အကောင် အထည် ပေါ်လာ စေရန် ဆောင်ရွက်ခြင်း၊ နိုင်ငံတော်မှ ချမှတ် ထား သော စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဦးတည်ချက်များနှင့်အညီ ပြည့်စုံခိုင်မာသည့် စစ်တမ်းနှင့် စာရင်းအင်းများကောက်ယူခြင်း၊ ထုတ်ပြန်ကြေငြာ ခြင်း၊နိုင်ငံတော်၏ အဓိက မှတ်တမ်း များ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ နိုင်ငံတော် စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်း အကောင် အထည်ဖော်မှုများ စိစစ်သုံးသပ် တင်ပြခြင်း၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ပုဂ္ဂလိကသို့လွှဲပြောင်းခြင်းလုပ်ငန်းများကိုဆောင်ရွက်ခြင်း တို့ကို ဝန်ကြီးဌာန အောက်ရှိ ဦးစီး ဌာန (၇)ခုမှ ဆောင်ရွက်လျက်ရှိပါသည်။

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြုပြင်ပြောင်းလဲမှုများ

၄။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာနအောက်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် နိုင်ငံတော်တွင် ပြဋ္ဌာန်းခဲ့ပြီးသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ တည်ထောင်ခွင့်ပြုခြင်း၊ ယင်း လုပ်ငန်းများ အကောင် အထည်ဖော် ဆောင်ရွက်မှုတွင် စိစစ် သုံးသပ် တင်ပြ လျက် ရှိပါသည်။

၅။ နိုင်ငံတစ်နိုင်ငံတွင် ရင်းနှီး မြှုပ်နှံမှု တိုးတက်မှသာ ကုန်ထုတ်လုပ်မှု တိုးတက် စေနိုင်မည်ဖြစ်ပါသည်။ အစိုးရသစ်အနေဖြင့် ရင်းနှီးမြှုပ်နှံမှု တိုးမြင့် စေရန် ရည်ရွယ်ပြီး ၁၉၈၈ ခုနှစ်ကရေးဆွဲခဲ့သော နိုင်ငံခြားရင်းနှီး

မြှုပ်နှံမှုဥပဒေ ကို ခေတ်နှင့် လျော်ညီစေရန် အတွက် ပြင်ဆင် ရေးဆွဲလျက်ရှိပါသည်။ ဈေးကွက် စီးပွားရေး စနစ်နှင့် လိုက်လျော ညီထွေ ဖြစ်စေ ရန်အတွက်ယှဉ်ပြိုင်မှုမူဝါဒ ဥပဒေ မူကြမ်း ရေးဆွဲလျက် ရှိပါ သည်။

၆။ ကုမ္ပဏီဖွဲ့စည်းခြင်းနှင့် သက်တမ်းတိုးမြှင့်ခြင်း ကိစ္စရပ်များကို လျင်မြန် ချောမွေ့စွာ ဆောင်ရွက်နိုင်ရန် အတွက် ၂၀၁၁ခုနှစ်မေလ(၁၈)ရက်နေ့မှစ၍နေ့ချင်းပြီးဆောင်ရွက်သည့်စနစ်(One Stop Service)ဖြင့် ဆောင်ရွက် လျက်ရှိပါသည်။သို့ဖြစ်ပါ၍ ယခုအခါတွင် ကုမ္ပဏီများ ဖွဲ့စည်းမှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း လုပ်ငန်းများ အား လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများ ယခင်နှစ် အလားတူ ကာလနှင့် နှိုင်းယှဉ် ပါက တိုးတက်လာကြောင်းတွေ့ရှိရပါသည်။

တစ်မျိုးသားလုံးဆိုင်ရာစာရင်းအင်းများ

၇။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန အနေဖြင့် တစ်မျိုးသားလုံးဆိုင်ရာစာရင်းအင်းများ (Macro Economic Indicators)များဖြစ်သော တိုင်းပြည်၏ ဓနအင်အား ကို ဖော်ညွှန်း သည့် တစ်မျိုး သား လုံး ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှု တန်ဖိုး (GDP) ၊ စီးပွားရေးတိုးတက်မှုနှုန်း (GDP growth rate)၊ စားသုံးမှု တန်ဖိုး၊ စုဆောင်းမှုတန်ဖိုး၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး များကို တွက်ချက် တင်ပြ လျက်ရှိပါသည်။

SNA စနစ်များအဆင့်ဆင့်ပြောင်းလဲလာမှု

၈။ ကမ္ဘာ့ကုလသမဂ္ဂသည်၁၉၄၇ခုနှစ်တွင် GDP တွက်ချက်ပုံနည်းစနစ် (System of National Accounts) နှင့်ပတ်သက်၍ တစ်ပြေးညီဖြစ်စေရန် အဖွဲ့ဝင်နိုင်ငံများအား သတ်မှတ်ပေးခဲ့ပါသည်။ အချိန်ကာလအလိုက် ပြောင်းလဲ ဖြစ်ပေါ်လာသည့် စီးပွားရေး လုပ်ငန်းများ၊ ငွေပေးငွေယူ ကိစ္စရပ်များအပေါ် ထည့်သွင်း စဉ်းစား၍ တစ်မျိုးသားလုံး စာရင်းအင်း စနစ်ကို 1968 SNA၊ 1993 SNA ၊ 2008 SNA ဟူ၍ အဆင့်ဆင့် ပြောင်းလဲ၍ အသေးစိတ် တွက်ချက်ရန်နည်းစနစ်ကိုသတ်မှတ်ပေးခဲ့ပါသည်။

၉။ ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံ အများစုတွင် 1993 SNA ကို ကျင့်သုံး လျက် ရှိ ပါသည်။ အာဆီယံ ၉ နိုင်ငံတွင်လည်း 1993 SNA ကို ကျင့်သုံး လျက်ရှိပါသည်။ သို့ရာတွင် ကုလသမဂ္ဂမှ ၂၀၀၉ ခုနှစ်တွင် 2008 SNA ကို အတည်ပြုခဲ့ပြီး၊ နိုင်ငံအချို့မှ ပြောင်းလဲကျင့်သုံးရေးအတွက် ပြင်ဆင် ဆောင်ရွက် လျက်ရှိပါသည်။

GDP တွက်ချက်မှုနည်းလမ်းများ

၁၀။ အခြားနိုင်ငံများနှင့်စီးပွားရေး လုပ်ဆောင်ချက်များ မရှိပါက တိုင်းပြည် တစ်ပြည်၏ ထုတ်လုပ်မှု တန်ဖိုး သည်စားသုံးမှုတန်ဖိုးနှင့်တူညီမည်ဖြစ်ပြီး၊ ယင်းကိုတိုင်းပြည်ဝင်ငွေ အဖြစ် သတ်မှတ်နိုင်မည်ဖြစ်ပါသည်။ ယင်းအယူ အဆအပေါ်အခြေခံပြီး နိုင်ငံတစ်နိုင်ငံ၏ GDP စာရင်းများကိုအောက်ပါအတိုင်းနည်းသုံးနည်း ဖြင့် တွက်ချက်နိုင်မည် ဖြစ်ပြီး၊ နည်းသုံးနည်း ဖြင့်တွက်ချက်ရရှိသည့်GDPတန်ဖိုးများတူညီမည်ဖြစ်ပါသည်။

(၁)ထုတ်လုပ်မှုအပေါ်မူတည်၍တွက်ချက်နည်း၊ (product Method)

(၂)ဝင်ငွေအပေါ်မူတည်၍တွက်ချက်နည်း၊ (Income Method)

(၃)သုံးစွဲမှုအပေါ်မူတည်၍တွက်ချက်နည်း (Expenditure Method) တို့ဖြစ်ပါ သည်။

၁၁။ ထုတ်လုပ်မှုအပေါ်မူတည်၍ တွက်ချက်နည်း (Product Method)အရ အသားတင်ထုတ်လုပ်မှု တန်ဖိုး တွက်ချက်ရန် အခြေခံ စီးပွားရေးပုံစံ မှာ အောက်ပါ အတိုင်း ဖြစ်ပါ သည်။စီးပွားရေးပုံစံအားဖြင့်

$$Y = O - IC$$

Y = ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုး (GDP)

O = စုစုပေါင်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(Gross Output)

IC = ကုန်ပစ္စည်း ထုတ်လုပ်ရာတွင် အသုံးပြုခဲ့သည့် အဓိက ကုန်ကြမ်း၊ အရန်ကုန်ကြမ်းနှင့်ဆောင်ရွက်မှုကုန်ကျစရိတ် (Intermediate Consumption)

၁၂။ ဝင်ငွေအပေါ် မူတည်၍ တွက်ချက်နည်း (Income Method)အရ အသားတင်ထုတ်လုပ်မှု တန်ဖိုး တွက်ချက်ရန် အခြေခံ စီးပွားရေးပုံစံ မှာ အောက်ပါ အတိုင်း ဖြစ်ပါ သည်။စီးပွားရေးပုံစံအားဖြင့်

$$Y = W + D + T_x \ (+/-)\ S_n$$

Y = ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုး (GDP)

W = လုပ်အားခ(Wages)

D = တန်ဖိုးလျော့ (Depreciation)

T_x = သွယ်ဝိုက်ခွန် (Indirect Tax)

S_n = အမြတ် (Surplus or Profit)

၁၃။ အသုံးစရိတ် အပေါ် မူတည်၍ တွက်ချက်နည်း (Expenditure Method) အရ အသားတင် ထုတ်လုပ်မှု တန်ဖိုး တွက်ချက်ရန် အခြေခံ စီးပွားရေးပုံစံ မှာ အောက်ပါ အတိုင်း ဖြစ်ပါ သည်။စီးပွားရေးပုံစံအားဖြင့်

$$Y = C + I \ (+/-)\ S_t + X - M$$

Y = ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုး (GDP)

C = စားသုံးမှုတန်ဖိုး(Consumption)

I = ရင်းနှီးမြှုပ်နှံမှုတန်ဖိုး (Investment)

S_t = ကုန်ပစ္စည်းလက်ကျန်အတိုး/အလျော့ (Stock Changes)

X = နိုင်ငံခြားသို့ပို့ကုန်တန်ဖိုး (Export)

M = နိုင်ငံခြားမှသွင်းကုန်တန်ဖိုး (Import)

မြန်မာနိုင်ငံတွင်GDP တွက်ချက်မှု

၁၄။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန အနေဖြင့်တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှု တန်ဖိုး(GDP)ကို ကမ္ဘာ့ကုလသမဂ္ဂမှသတ်မှတ်ပြဋ္ဌာန်းထားခဲ့သည့် အမျိုးသားစာရင်း အင်းစနစ် (System of National Account –SNA 1968) ကိုကျင့်သုံး၍၁၉၆၉-၁၉၇၀ခုနှစ်မှစ၍ တွက်ချက်ခဲ့ပါသည်။တစ်နည်းအားဖြင့်ထုတ်လုပ်မှု စာရင်း ကို အခြေခံပြီး တွက်ချက်ခဲ့ပါသည်။

၁၅။ စီမံကိန်းရေးဆွဲရေးဦးစီးဌာနအနေဖြင့် လက်ရှိတွင် ထုတ်လုပ်မှုအပေါ်မူတည်၍ တွက်ချက်နည်းအရ ကုန်ပစ္စည်းတစ်ခုစီ အတွက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးနှင့်အသားတင် ထုတ်လုပ်မှု တန်ဖိုးများကို ကဏ္ဍ အလိုက်အသေးစိတ်တွက်ချက်ပြီး၊ စီးပွားရေးကဏ္ဍကြီး(၁၄)ခု တို့၏စာရင်းများစုပေါင်းခြင်းဖြင့် တစ်မျိုးသားလုံး စုစုပေါင်း အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးနှင့် အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးများကိုရရှိပါသည်။ အသားတင်ုတ်လုပ်မှု တန်ဖိုးရရှိရန် စုစုပေါင်း ထုတ်လုပ်မှု န်ဖိုးမှ ကုန်ပစ္စည်း ထုတ်လုပ်ရန်အဓိက အသုံးပြုခဲ့သည့် အဓိကကုန်ကြမ်း၊ အရန်ကုန်ကြမ်းနှင့် ဆောင်ရွက်မှု ကုန်ကျစရိတ်စရိတ် စသည်များကို နှုတ်ခြင်း အားဖြင့် တွက်ချက် လျက် ရှိပါ သည်။

၁၆။ GDP စာရင်းများရရှိပြီးနောက်ကုန်ထုတ်စွမ်းအားစုများအတွက် အသားတင်ရငွေ/ ပေးငွေ ကိုနှုတ်ခြင်းဖြင့် နိုင်ငံ၏ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(Gross National Product GNP) ကိုရရှိမည်ဖြစ်ပါသည်။GNP မှ တန်ဖိုးလျော့ တန်ဖိုးကိုနှုတ်ခြင်းဖြင့် Net National Product NNP၊တစ်နည်းအားဖြင့် တိုင်းပြည်ဝင်ငွေကို အောက်ပါအတိုင်း အဆင့်ဆင့် ခန့်မှန်းတွက်ချက်ပါသည်။

နိုင်ငံ၏		ပြည်တွင်းအသားတင်		ကုန်ထုတ်စွမ်းအားစု
ထုတ်လုပ်မှုနှင့်	=	ထုတ်လုပ်မှုနှင့်	(+/-)	များအတွက်အသား
ဝန်ဆောင်မှုတန်ဖိုး		ဝန်ဆောင်မှုတန်ဖိုး		တင်ရငွေ/ပေးငွေ
GNP	=	GDP	(+/-)	NFI

(Gross National = (Gross Domestic (+/-) (Net Factor Product) Product) Income & payment abroad)

NNP	=	GNP	-	depreciation

(တိုင်းပြည်ဝင်ငွေ)

၁၇။ ၂၀၀၄-၂၀၀၅ခုနှစ်အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်းမှရရှိသည့် အိမ်ထောင်စု များ၏စားသုံးမှုအသုံးစရိတ်များမှတစ်ဆင့်အသုံးစရိတ်နည်းဖြင့်မြန်မာနိုင်ငံ၏ GDPကို၂၀၀၅-၂၀၀၆ခုနှစ်မှ စတင် ခန့်မှန်းတွက်ချက် ပြီးကုန်ထွက်နည်းအရ တွက်ချက်ရရှိသည့် GDPနှင့် ချိန်ကိုက်နိုင်ခဲ့ပါ သည်။

အစိုးရ အသုံးစရိတ်များ၊ပို့ကုန်၊သွင်းကုန်တန်ဖိုးများ၊ရင်းနှီးမြှုပ်နှံမှုတန်ဖိုးများကို Administrative Records များမှ ရယူတွက်ချက်ခဲ့ပါသည်။ သို့ရာတွင် စီးပွားရေး အကျိုးအမြတ်ကို ပဓါနမထားဘဲ လူမှုရေးဝန်ဆောင်မှုများ ဆောင်ရွက် နေသော အဖွဲ့ အစည်းများ ၏ အသုံးစရိတ်များကိုထည့်သွင်းတွက်ချက်နိုင်ခြင်းမရှိပါ။

လက်ရှိတွက်ချက်မှုစနစ်၏အားနည်းချက်များ

၁၈။ မြန်မာနိုင်ငံတွင် လက်ရှိတွက်နည်းစနစ်၏ အားနည်းချက် မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) အမျိုးသားစာရင်းအင်းစနစ် SNA 1968 သည်ဆိုရှယ်လစ်စီးပွားရေး စနစ်နှင့်ကိုက်ညီသော်လည်း ပြောင်းလဲကျင့်သုံးလာသည့်ဈေးကွက် စီးပွားရေး စနစ်အတွက် အကျုံးဝင်မှု (coverage) ပြည့်စုံခြင်း မရှိခဲ့ပါ။

(ခ) SNA 1968 တွင် နိုင်ငံတကာမှ ပြောင်းလဲကျင့်သုံးသည့် ခွဲခြားမှုစနစ်ဖြင့် ခွဲခြားတွက်ချက်နိုင်ခြင်းမရှိခဲ့ပါ။ တရားဝင်မှတ်ပုံတင်ခြင်း မရှိ သည့် လုပ်ငန်းများ (informal sector)များ ပါဝင် တွက်ချက် ခဲ့ခြင်း မရှိခဲ့ပါ။

(ဂ) သုံးစွဲမှုအပိုင်းတွင်စားသုံးသူဈေးနှုန်း၊ ပြည်ပ ပို့ကုန်တန်ဖိုးတွင်သင်္ဘောတင် ဈေးနှုန်း (Free on Board-FOB) ဖြင့် တွက်ချက် နိုင်ခြင်း မရှိခဲ့ပါ။

(ဃ) အစိုးရနှင့် အိမ်ထောင်စုများ၏ အသုံးစရိတ်ကိုအသေးစိတ်ထည့်သွင်း တွက်ချက်နိုင်ခြင်း မရှိခဲ့ပါ။ တရားမဝင်ထုတ်လုပ်မှုများ (illegal production) နှင့် စည်းမျဉ်း စည်းကမ်း ၊ ဥပဒေတို့ကို ရှောင်ရှား၍ဆောင်ရွက်နေသော ဖုံးကွယ် ထုတ်လုပ်မှုများ (Concealed Production and the underground economy) ၏တန်ဖိုးကို ခန့်မှန်းတွက်ချက်နိုင်ခြင်း မရှိခဲ့ပါ။

(င) ကွန်ပျူတာ software၊ ဓါတ်သတ္တုရှာဖွေခြင်း၊ မူပိုင်ခွင့်များစသည့် မမြင်နိုင်၊ ထိတွေ့ ကိုင်တွယ် မရနိုင်သော ပိုင်ဆိုင်မှုများ (intan gible fixed assets) ကို ထည့်သွင်း တွက်ချက်နိုင်ခြင်း မရှိပါ။ ထို့အပြင် သုတေသနနှင့် ဖွံ့ဖြိုးမှု လုပ်ငန်း များအတွက်သီးသန့် ထည့်သွင်း နိုင်ခြင်း မရှိခဲ့ပါ။

၁၉။ 1968 SNA တွင်အခြေခံစာရင်းဇယား ၄ ခုပါဝင်ပါသည်ì။ ယင်းတို့မှာ ထုတ်လုပ်မှု စာရင်း၊ စားသုံးမှုစာရင်း၊ အရင်းအနှီးစုဆောင်းမှုစာရင်း နှင့် ပြည်ပနှင့်ဆက်သွယ် ဆောင်ရွက်မှုစာရင်းတို့ဖြစ်ပါသည်။ 1993 SNA နှင့် 2008 SNA တို့တွင် အခြေခံ စာရင်းဇယား ၆ ခုပါဝင်ပါသည်။ ယင်းတို့မှာထုတ်လုပ်မှု စာရင်း၊

ဝင်ငွေခွဲဝေမှုနှင့်သုံးစွဲမှု စာရင်း၊ အရင်းအနှီးစုဆောင်းမှု စာရင်းပြည်ပနှင့် ဆက်သွယ်ဆောင်ရွက်မှု စာရင်း၊ လက်ကျန်ရှင်းတမ်းနှင့် ကုန်ပစ္စည်းနှင့် ဆောင်ရွက်မှု အရ/အသုံး စာရင်း တို့ ပါဝင်ပါသည်။ 1993 SNA နှင့် 2008 SNA တို့မှာ ကွာခြားမှု အနည်းငယ်သာ ရှိပါသည်။

ပြောင်းလဲဆောင်ရွက်ရန်လိုအပ်ချက်များ

၂၀။ မြန်မာနိုင်ငံ အနေဖြင့်လည်း 1993 SNA ၊2008 SNA ကို ပြောင်းလဲ တွက်ချက်ရာ တွင် အောက်ပါတို့ကို ဆောင်ရွက်ရန် လိုအပ် ပါသည်။

(က) စီးပွားရေး လုပ်ငန်းများကိုInternational Standard Industrial Classification ISIC ဖြင့်အမျိုးတူအုပ်စုများ ခွဲခြား၍လည်းကောင်း၊ ထုတ်လုပ်သော ကုန်ပစ္စည်း အမျိုးအမည် များ ကို Central Product Classification CPC ဖြင့်လည်းကောင်း၊ အိမ်ထောင်စုများ၏ စားသုံးမှုဆိုင်ရာအသုံးစရိတ် အမျိုးအစားများကို Classification of Individual Consumption by Purpose COICOP ဖြင့်လည်းကောင်း၊ အစိုးရ၏ အသုံးစရိတ်များ ကို Classification of the function of Government COFOG ဖြင့် လည်းကောင်း၊ စီးပွားရေး အကျိုးအမြတ်ကို ပဓါနမထားဘဲ လူမှုရေး ဝန်ဆောင်မှုများဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ အသုံးစရိတ် များကို Classification of the purpose of Non Profit Institutions Serving Household COPNI ဖြင့်လည်း ကောင်း၊ ထုတ်လုပ်သူများ၏ လုပ်ငန်းဆောင်တာ အလိုက်အသုံးစရိတ် များကို Classification of Outlays of Producers by Purpose COPP ဖြင့်လည်းကောင်းအမျိုးအစားအုပ်စု အသီးသီ ခွဲခြား၍ တပြေးညီ စံသတ်မှတ်ရန်လိုအပ်ခြင်းပါသည်။

(ခ) စီးပွားရေးလုပ်ငန်းအခြေအနေစစ်တမ်း(Establishment Survey)၊ လူမှုစီးပွားရေး စစ်တမ်း (Socio-economic Survey)၊ လုပ်သား အင်အားဆိုင်ရာစစ်တမ်း (Labour Force Survey)၊ ထုတ်လုပ်သူ ဈေးနှုန်းစစ်တမ်း၊ လက်လီရောင်းဝယ်ခြင်း စစ်တမ်း၊ ပုဂ္ဂလိက အဆောက် အဦ ဆောက်လုပ်မှု စစ်တမ်း (Private Construction Survey)၊ တရားဝင် မှတ်ပုံတင် ထားခြင်း မရှိသည့် လုပ်ငန်း များ အား စာရင်းကောက်ယူမှုဆိုင်ရာ စစ်တမ်း (Informal Sector Survey)၊ ဟိုတယ်လုပ်ငန်း များ၏ ဝင်ငွေ နှင့် အသုံးစရိတ် စစ်တမ်း၊ နိုင်ငံတကာမှ ဧည့်သည် လာရောက်မှုဆိုင်ရာစစ်တမ်းနှင့် အခြား

လိုအပ်မည့် စစ်တမ်းများ နှင့် လေ့လာမှုများကို ဆောင်ရွက် ရန် လိုအပ်မည်ဖြစ်ပါသည်။

(ဂ) တွက်ချက်မှုအတွက် ကွန်ပျူတာ ပရိုဂရမ်များ ရေးဆွဲခြင်း၊ ကွန်ယက် ချိတ်ဆက်ခြင်း၊ချိတ်ဆက်ထားသောကွန်ပျူတာများသို့အချက် အလက် ပေးပို့သည့် ပရိုဂရမ် (server) တည်ဆောက်၍ တိုင်း ဒေသကြီး/ ပြည်နယ်များနှင့် နေပြည်တော် ရုံးချုပ်တို့ ချိတ်ဆက် ၍ ဆောင်ရွက်ခြင်းဖြင့်ပြည့်စုံမှန်ကန်သောစာရင်းအင်းများကို အချိန်တို အတွင်းတွက်ချက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(ဃ) တိုင်းဒေသကြီး/ပြည်နယ်များ ၏ စီမံကိန်းရုံးအဆင့်ဆင့် တွင် 2008 SNAနှင့်ပတ်သက်၍အသိပညာပြန့်ပွားရေးသင်တန်းများ ပြုလုပ်ရန် လိုအပ် မည်ဖြစ်ပါသည်။ ၊

၂၁။ 1993 SNA နှင့် 2008 SNA ကို ပြောင်းလဲမှု ကြောင့် အောက်ပါ အတိုင်း အကျိုး ကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

(က) အာဆီယံ (၁၀) နိုင်ငံတွင်မြန်မာနိုင်ငံတစ်နိုင်ငံထဲသာ 1993 SNA သို့ပြောင်းလဲတွက်ချက်မှုမရှိခြင်းနှင့်ကမ္ဘာ့နိုင်ငံအများစုတွင် 1993 SNA နှင့် အချို့နိုင်ငံများတွင် 2008 SNA ကိုပြောင်းလဲတွက်ချက် လျက်ရှိသဖြင့်ပြောင်းလဲတွက်ချက်မှသာမြန်မာနိုင်ငံ၏ GDP တန်ဖိုး များ၊တိုးတက်မှုနှုန်းများကိုအခြားနိုင်ငံများနှင့်နှိုင်းယှဉ်ဖော်ပြနိုင်မည် ဖြစ်ပါသည်။

(ခ) ထုတ်လုပ်မှုစာရင်း၊အသုံးစရိတ်စာရင်း၊ဝင်ငွေစာရင်းများကို အသေးစိတ် တွက်ချက် သဖြင့်လက်ရှိစီးပွားရေးအခြေအနေကို သိရှိနိုင်ခြင်း၊ ချမှတ်သောပေါ်လစီများ၏ အကျိုးသက်ရောက်မှုကို ခန့်မှန်း သိရှိ နိုင်ခြင်း၊ အနာဂါတ်အခြေအနေ ကို ကြိုတင် ခန့်မှန်း နိုင်မည် ဖြစ် ပါ သည်။

(ခ) ထုတ်လုပ်မှုနယ်ပယ်တွင် အကျုံးဝင်သော တရားမဝင် ထုတ်လုပ်မှုများနှင့် စည်းကမ်း သတ်မှတ်ချက်၊ ဥပဒေသတ်မှတ်ချက်များကို ရှောင်ရှားပြီးထုတ်လုပ်မှုများ၏ ထုတ် လုပ်မှု တန်ဖိုးများ ကို ထည့် သွင်း တွက်ချက်နိုင်မည်ဖြစ်ပါသည်။

ကြုံတွေ့ရမည့်အခက်အခဲများ

၂၂။ 1993 SNA နှင့် 2008 SNA သို့ ပြောင်းလဲမှုမှာ တစ်နိုင်ငံလုံး၏တစ်မျိုးသားလုံး ဆိုင်ရာ စာရင်းအင်းစနစ် ပြောင်းလဲခြင်းဖြစ်သည့် အတွက် နိုင်ငံအတွင်းရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် အခန်းများမှ စာရင်းအင်း ထားသိုမှု စနစ်များ ကို 1993 SNA နှင့် 2008 SNA စနစ် နှင့် စာရင်းအင်းများ ပြုစု ထားရှိရမည်ဖြစ်ပါသည်။အထူးသဖြင့်ကုမ္ပဏီစာရင်းများ၊ စီးပွားရေးဆိုင်ရာစာရင်းများတွင်စနစ်တကျ စာရင်းရေး သွင်းမှုရှိရန်လိုအပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာရင်းအင်းစနစ်ကိုသိရှိနိုင်ရန် အသိပညာပေး လုပ်ငန်းများ (awareness) ဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ပါသည်။

၂၃။ စီမံကိန်းရေးဆွဲရေးဦးစီးဌာနအနေဖြင့် လက်ရှိတွက်ချက် သည့် စနစ်ဖြစ်သည့် Administrative Records များမှ စာရင်းအင်း ရယူသည့်စနစ် အပြင်စစ်တမ်း များနှင့် လေ့လာ တွေ့ရှိချက်များကို အခြေခံပြီး တွက်ချက်ရမည် ဖြစ်သဖြင့် လိုအပ်သည့် စစ်တမ်း များကိုအချိန်ကာလသတ်မှတ်ချက်နှင့်အညီကောက်ယူရန်လိုအပ်မည်ဖြစ်ပါသည်။

နိဂုံး

၂၄။ အစိုးရသစ်လက်ထက်တွင်ရင်းနှီးမြှုပ်နှံမှုတိုးတက်လာစေရေးအတွက် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ကိုပြန်လည်သုံးသပ်၍ပြင်ဆင်ရေးဆွဲ လျက်ရှိပြီးဈေးကွက်စီးပွားရေး စနစ်နှင့်လိုက်လျောညီထွေရှိစေရေးအတွက် ယှဉ်ပြိုင်မှု မူဝါဒဥပဒေကြမ်းကိုရေးဆွဲလျက်ရှိ ပါသည်။

၂၅။ တစ်မျိုးသားလုံးဆိုင်ရာစာရင်းအင်းစနစ်တွင်ကမ္ဘာ့နိုင်ငံများနှင့် တစ်ပြေးညီ ဖြစ်စေ ရန် 1993 SNA နှင့် 2008 SNAသို့ ပြောင်းလဲတွက်ချက်နိုင်ရေး အတွက် ပြင်ဆင် ဆောင်ရွက်လျက် ရှိကြောင်းတင်ပြပါသည်။